ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 20 July 2023 ၁၁၁၆၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက် ဂါရဝပြု



**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်ဂါရဝပြုသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြစဉ်။



ယနေ့ ဖတ်စရာ

**အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ**

စာမျက်နှာ » ၈

**အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့ အမှတ်တရစကား**

စာမျက်နှာ » ၉

ကြေးမုံ

# တည်ငြိမ်အေးချမ်းရေးကိုတိုးမြှင့် ရည်မှန်းချက်သို့ အရှိန်မြှင့်တက်လှမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်သည့်နောက်ပိုင်း အရေးပေါ်သက်တမ်းကာလကို ခြောက်လတိုးပြီးသည့် အချိန်တွင် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ချမှတ်ထားသည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အဓိက ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သဖြင့် အရှိန် အဟုန်မြှင့်တင်လိုက်သည်။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးကြီးဆုံးအချက်ဖြစ်သည့် "ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့် အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်" ဟူသည့်အချက်ကို ဦးစားပေးလုပ်ငန်း စဉ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် ထိရောက်စွာဆောင်ရွက်နိုင်မှုများရှိသလို လိုအပ်ချက်များ ရှိနေသေးသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

အကြမ်းဖက်မှုဖြစ်စဉ်များတွင် နယ်မြေဒေသအနေအထားများအရ စစ်ကိုင်း တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်များတွင် အများဆုံးဖြစ်နေသည် ကို တွေ့ရမည်ဖြစ်သည်။ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သက်သက်တိုက်ခိုက် ဖျက်ဆီးခဲ့ကြသည်။ ယခုနှစ်အတွင်း ဇူလိုင်လ ၁၁ ရက်နေ့အထိ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှု ၄၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၈၂ ဦး ရှိခဲ့သည်။ ထိရောက် စွာနှိမ်နင်းမှုကြောင့် အကြမ်းဖက်ဖြစ်စဉ်များ အခြားဒေသများတွင် လျော့ကျသွားပြီး တည်ငြိမ်အေးချမ်းမှုရှိနေသော်လည်း အဆိုပါဒေသများတွင် အကြမ်းဖက်ဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်ဟူသည့်အချက်ကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက် နေခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက ပြည်သူ့လုံခြုံရေးအတွက် ယခုထက် ပိုမိုဆောင်ရွက်ကြရန် ပြောကြားထားသည်။ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးအတွက် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်နှင့်လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ပထမအချက်ကို အောင်မြင်စွာအပြည့်အဝ ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒဖြစ်သည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် နောက်ဆုံးအချက်ကို အကောင်အထည်ဖော်နိုင်ပြီး ရည်မှန်းထား သည့်အတိုင်း ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်း စဉ်များအနက် နောက်ဆုံးအချက်သည် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟူသည့် အချက်ဖြစ်သည်။

နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် ပထမအချက်ကို ပြည်ထောင်စုတစ်ဝန်းလုံး အပြည့်အဝဆောင်ရွက်နိုင်ပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံ ရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန် အပြည့်အဝဆောင်ရွက်သွားနိုင်မည်။ ထို့အပြင် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အပြည့်အဝရရှိ အောင် ဆောင်ရွက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရေးသည်လည်း အထူးအရေးကြီး သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ယနေ့ထက်တိုင်အောင် မချုပ်ငြိမ်းသေးသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကိုလည်း အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေး အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားရန်လိုအပ် ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်သောအနာဂတ်ဖြစ်ပေါ်လာစေ ရန်နှင့် မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများအားလုံး တည်ငြိမ်အေးချမ်း လုံခြုံစိတ်ချစွာဖြင့် ရပ်တည်နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် ပထမဆုံးအချက်ကို ဦးစားပေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံး အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများအားလုံး၏ မျှော်မှန်းချက်ဆန္ဒများ ပြည့်ဝလာမည်ဖြစ်ပါကြောင်း။ ။

## မအူပင်မြို့နယ် ကုန်းတန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး



မအူပင် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ်တွင် ကုန်းတန်းကြီးကျေးရွာနေ ပြည်သူများအား မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေး ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ ဓမ္မာရုံ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မအူပင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်း အရာများ ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားကာ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ကုန်းတန်းကြီးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်း သား အသင်းသူ ၁၀၀ ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အား အသင်းသား အသင်းသူများ၏ တစ်ဦး ချင်း လက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## တောင်ဥက္ကလာပမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

တောင်ဥက္ကလာပ ဇူလိုင် ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်စကားဝိုင်း" ဆွေးနွေးပွဲကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အမှာစကားပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် လူငယ်စကားဝိုင်းတွင် Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမှ ဆရာမဒေါ်အေးသီတာထွန်းတို့က ဆောင်ရွက်ပြီး အထက်တန်းအဆင့် Grade-10 ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေး အစရှိသည့် ခေါင်းစဉ်အောက်မှ အကြောင်းအရာ များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးဝင်းက စာပေဖတ်ရှုလေ့လာရန်ပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်မင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာ ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်၌ ဂျီအီးစီခရိုင်ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့နယ် ဂျီအီးစီခရိုင်ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ ၂၀၂၁-၂၀၂၂၊၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ အဖြစ် ဥက္ကဋ္ဌဒေါ်ခင်မိုးကြည်(ဦးစီးအရာရှိ) က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါ်ခင်မျိုးမျိုးဝင်းက ဆောင်ရွက်ခဲ့သည်။ ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ် သမဝါယမဦးစီးဌာနမှ ဒေါ်စုမျက်သွယ်က ရှင်းလင်းဖတ်ကြားပြီး သဘာပတိက တက်ရောက်လာသော အသင်းသား အသင်းသူ ဝန်ထမ်းများထံမှ အတည် ပြုချက် ရယူခဲ့သည်။ ထို့နောက် အသင်းမှ အစုပေါ်ချိုးမြှင့် ငွေကျပ် ရှစ်သိန်းနှင့် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၃၂ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၄၀ ကို တက်ရောက်လာသော အသင်းသား အသင်းသူ ဝန်ထမ်းများအား ထုတ်ပေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** - ဦးနိုင်လင်းကြည်၊ | | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ဂူဗိမာန်၌ သခင်မြ၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

☆ ရှေ့ဖုံးမှ

တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး

စာမျက်နှာ ၄ သို့ ☆



ဒီးဒုတ်ဦးဘချို၏ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်က လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်က လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။




မန်းဘခိုင်၏ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

☆ **စာမျက်နှာ ၃ မှ**

ဂုဏ်ပြုတပ်ဖွဲ့က သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ် ငြိမ်သက်၍ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီ/ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့ အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**စာမျက်နှာ ၅ သို့** ☆



ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။





နိုင်ငံရေးပါတီများမှတာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ တိုင်းရင်းသားတိုင်းရင်းသူများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက ဂါရဝပြုကြစဉ်။

☆ **စာမျက်နှာ ၄ မှ**

ယင်းနောက် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ တန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) များသို့ အများပြည်သူများ ပိုမိုလာရောက်ဂါရဝပြု လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမ ထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဗဟိုကော်မတီဒုတိယ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တကေသရာ ဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် မစိုးရိမ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**

**ဆက်ကပ်လှူဒါန်း**

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





**ရေစက်သွန်းချ အမျှပေးဝေ**

ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

# နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံ တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပ



ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ကျင်းပစဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည်။

**မေတ္တာပို့အမျှပေးဝေ**

အခမ်းအနားသို့ (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများကို အလေးပြုကြကာ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်ကာ မေတ္တာပို့ အမျှပေးဝေကြသည်။

ယနေ့တွင် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံနေရာတို့ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် ယနေ့တစ်ရက်တာ အထူးဖွင့်လှစ်ပြသခဲ့သည်။ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ထားရှိပြီး ယနေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမ၊ အာဇာနည်ခေါင်းဆောင်များ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုးပြခန်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံအတွင်း ခင်းကျင်းပြသမှုနှင့် အခြားလေ့လာစရာ သမိုင်းဝင် မှတ်တမ်းများကို အများပြည်သူ အထူးစည်ကားများပြားစွာ ဝင်ရောက် ကြည့်ရှုလေ့လာကြသည်။

**ဦးညွှတ်အလေးပြုခဲ့ကြ**

(၇၆) နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဥသြဆွဲ အချက်ပေးစဉ် ယာဉ်နှင့် ပြည်သူများက ရပ်တန့်၍ ဦးညွှတ်အလေးပြုခဲ့ကြသည်။

**သတင်းစဉ်**





အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း လာရောက် ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

**ဝင်ရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိ**

အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံနေရာတို့ကို တစ်ရက်တာ အထူးဖွင့်လှစ်ပြသခဲ့ရာ ဝင်ရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ




**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်သည့် (၇၆)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသား ကျောင်းသူ ဦးရေ ၃၀၀၀ ကျော် လာရောက်လေ့လာကြသည်။

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်ကို ယနေ့မှ ဇူလိုင် ၂၁ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲအဖြစ် သုံးရက်တာ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် နေ့ထူးနေ့မြတ်ပိတ်ရက်တို့မှအပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)မှ ဦးစီးအရာရှိ ဒေါ်ညိုညိုယဉ်မောက်က "ဒီနေ့ (၇၆) နှစ်မြောက် အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို အထူးပြပွဲအနေနဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်မှာ ကြည့်ရှုလေ့လာဖို့ လမ်းကြောင်း ပြထားပါတယ်။ ပထမဆုံး ပြတိုက်ဝင်းတံခါးအဝင်မှာ ဗိုလ်ချုပ်စီးတဲ့ ကားပြကွက်ကို အရင်တွေ့ရမှာပါ။ ပြတိုက်အတက်လမ်းမှာ ဘုတ်ပြား ၁၈ ချပ်နဲ့ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင်မှတ်တမ်း အချက်အလက်များနဲ့ ဓာတ်ပုံတွေကို ပြသထားပါတယ်။ ပြတိုက်ကို တက်လာပြီးရင်ပြတိုက်ရဲ့အဝိုင်းထိပ် လေသာဆောင်မှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်အနားယူနေတဲ့ ဆီလီကွန်ဗိုလ်ချုပ်ရုပ်တုပုံကို တွေ့ရမှာပါ။ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့ စာအုပ်၊ ဗိုလ်ချုပ်နာမည်ပါတဲ့ မီးခြစ်နဲ့ ဆေးလိပ်၊ပြာခွက်၊ ဆေးလိပ်ဘူးကိုပြသထားပါတယ်။ အဲဒီကနေ ပြတိုက်ထဲကိုဝင်ရင် ဗိုလ်ချုပ်မိသားစု ထမင်းစားခန်းမှာ အသုံးပြုခဲ့တဲ့ ပရိဘောဂတွေကို တွေ့ရမှာပါ။ အဲဒီအခန်းမှာ ဗိုလ်ချုပ်ရဲ့ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊နိုင်ငံရေးဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝနဲ့ နိုင်ငံခေါင်းဆောင်ဘဝ ဖြစ်စဉ်တွေကို ဘုတ်ပြားငါးခုနဲ့ ပြသထားပါတယ်။ ထမင်းစားခန်းကို လေ့လာပြီးရင် မိသားစုဘဝ၊ ဗိုလ်ချုပ်ရဲ့ဘဝ ဖြစ်စဉ်အကျဉ်းချုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ရေးထိုးထားတဲ့ ဘုတ်ပြားနှစ်ချပ်ကို ပြသထားပါတယ်။ ပြတိုက်အပြင် လှျောက်လမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ရဲ့ သမိုင်းအကျဉ်းကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ ပြသထားပြီးတော့ ပြတိုက်ခေါင်းရင်းကနေ အတွင်းကို ပြန်ဝင်တဲ့အခါ ဧည့်ခန်းထဲမှာ ဗိုလ်ချုပ်မိသားစုအသုံးပြုခဲ့တဲ့ ဆက်တီ၊ ပရိဘောဂပစ္စည်းတွေနဲ့ အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး ဂျဝါဟာလ်လာ မစ္စတာနေရူး လက်ဆောင်ပေးခဲ့တဲ့ ကုတ်အင်္ကျီ၊ ဗိုလ်ချုပ်နားထောင်ခဲ့တဲ့ ရေဒီယို၊ ၁၉၆၄–၁၉၆၅ ခုနှစ်မှာ ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲခဲ့တဲ့ "အိမ်နောက်ဖေးဈေးဆိုင်တည်" လို့အမည်ပေးထားတဲ့ဗိုလ်ချုပ်စိုက်ပျိုးရေးလုပ်နေတဲ့ ဆီဆေးပန်းချီကား၊ ဗိုလ်ချုပ်မိသားစုဓာတ်ပုံ၊ ဗိုလ်ချုပ်ကိုယ်တစ်ပိုင်း ရုပ်တု၊ ပန်းချီကား၊ ဗိုလ်ချုပ်တို့မိသားစု ဧည့်ခန်းကဓာတ်ပုံနဲ့ ဗိုလ်ချုပ်ရှူးဖိနပ်စီးရင် ထိုင်ခဲ့တဲ့ ကုလားထိုင်တို့ကို ပြသထားပါတယ်" ဟု ရှင်းလင်းပြောကြားသည်။



ပြတိုက်အပေါ်ထပ်တွင် ဗိုလ်ချုပ်တို့ဇနီးမောင်နှံ အိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ်အသုံးအဆောင်ပစ္စည်းများ ထားရှိပြီး ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေကားဖြင့် တက်ရသည့် တတိယထပ် တာဝါတွင်ရှိသော ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစုပူဇော်ခဲ့သည့် ဒက္ခိဏသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံကို ဗိုလ်ချုပ်အိပ်ခန်းခေါင်းရင်းတွင် ဘုတ်ပြားပေါ်၌ ဓာတ်ပုံ/စာသားတို့ဖြင့် ပြသထားသည်။ ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကိုပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရို၊ မှန်တင်ခုံ၊ မောင်အောင်ဆန်းလင်း၏ ဓာတ်ပုံနှင့် လက်ရေးမူ စာအုပ်များ၊ ဖတ်စာအုပ်များ၊ ကစားစရာများနှင့်အတူ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဆုံးပါးခဲ့သည့် မောင်အောင်ဆန်းလင်း၏ ထိုနေ့နံနက်ပိုင်းက အက်ဆေးပုံစံအင်္ဂလိပ်ဘာသာဖြင့် ရေနစ်သူတစ်ယောက်အား ကယ်ဆယ်သည့်နည်းလမ်းများ ကိုယ်တိုင်ရေးသားထားသည့် လက်ရေးမူရင်း စာသားများကိုလည်း ပြသထားသည်။

ထိုအိပ်ခန်းတွင် မိသားစုပုံများ၊ ဗိုလ်ချုပ်မိခင်နှင့် မိသားစုပုံ၊ ဒစ်ဂျစ်တယ်ပြကွက်များဖြစ်သည့် ဗိုလ်ချုပ်၏ ဓာတ်ပုံမှတ်တမ်း၊ မိန့်ခွန်းနှင့်သမိုင်းကြောင်းတို့ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြသထားသည်။ ကလေးအိပ်ခန်းအနီးတွင် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဘက်တံခါးရှိ စကြံလမ်းမှ ပြတိုက်အောက်သို့ ပြန်ဆင်းပါက ခြံဝင်းစိုက်ခင်းပြကွက်၌ သီးပင်စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်ရုပ်တုပုံကို ပြသထားသည်။ ရေကန်အနီး ပြတိုက်ဝင်းအထွက်လမ်း၌ ဗီနိုင်းဘုတ်ပြား ၁၄ ချပ်ဖြင့် အာဇာနည်ခေါင်းဆောင်တို့၏ ဓာတ်ပုံများ၊ ဗိုလ်ချုပ်၏သမိုင်းကြောင်းဆိုင်ရာများနှင့် ဓာတ်ပုံများ၊ ပြတိုက်၊ ပုဂံနှင့် မြန်မာနိုင်ငံ၏ ရှုခင်းအလှတို့ကို VR System ဖြင့် အများပြည်သူ လေ့လာနိုင်ရန် ပြသထားသည်။

"ဗိုလ်ချုပ်ပြတိုက်မှာလာရောက်လေ့လာသူတွေအတွက် ကိုဗစ်–၁၉ စည်းကမ်းချက်များနဲ့အညီ ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့လည်း မြို့နယ်ကျန်းမာရေးအဖွဲ့၊ မြို့တော်စည်ပင်သာယာ ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့တွေ အပြည့်အစုံရှိပါတယ်။ လာရောက်ကြည့်ရှုသူတွေ အဆင်ပြေအောင် ပြတိုက်တာဝန်ရှိသူတွေနဲ့ ဌာနဆိုင်ရာတွေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးထားပါတယ်" ဟု ဒေါ်ညိုညိုယဉ်မောက်က ပြောကြားသည်။

ယနေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ယခင်နှစ်တို့ထက် အထူးပြပွဲရက်နှင့် အစီအစဉ်များ တိုးမြှင့်ပြသထားပြီး ပြတိုက်အင်္ဂါနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရာ ကြည့်ရှုလေ့လာသူတို့ဖြင့် စည်ကားများပြားခဲ့သည်။

**သတင်းစဉ်**

---

# (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ ပြည်သူများ လာရောက်ကြည့်ရှုသူများပြား

**နတ်မောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ယနေ့နံနက် ၇ နာရီမှ စတင်ဖွင့်လှစ်ပြသခဲ့ရာ အနယ်နယ်အရပ်ရပ်က ပြည်သူများ လာရောက်ကြည့်ရှုသူ များပြားကြောင်း သိရသည်။

နတ်မောက်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ပုံစံငယ် (ရန်ကုန်မြို့)၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ ဆောင်းပါးများ၊ အာဇာနည်(၉)ဦး၏အတ္ထုပ္ပတ္တိနှင့် ဓာတ်ပုံများ၊ ၁၉၁၅ ခုနှစ်မှ ၁၉၄၇ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ စသည့် အကြောင်းအရာများကို ပြသထားခဲ့ရာ အနယ်နယ်အရပ်ရပ်ရှိပြည်သူများ လာရောက်ကြည့်ရှုကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညိုညိုသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ကြီးကြပ်မှုဖြင့် နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများက လူဝင်လူထွက်များကို လုံခြုံရေးအရ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ လာရောက်ကြည့်ရှုသည့် ဧည့်သည်များအား ကျန်းမာရေးဆပ်ကော်မတီက ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးတိုင်းဒေသကြီးမှ



ထုတ်ဝေသည့် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နတ်မောက်(ပြန်/ဆက်)**

# အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့အမှတ်တရစကား

တွေ့ဆုံမေးမြန်း - ချိုကြီး
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည် မိသားစုဝင်များ၏ အမှတ်တရစကားများကို စုစည်းဖော်ပြလိုက်ပါသည်-


ဦးအောင်ဆန်းဦး


ဦးရဲမြင့်အောင်


ဦးသန့်ဇင်ချို


နန့်စိုးစိုးခိုင်


ဒေါ်မြင့်မြင့်ခိုင်


စဝ်ကိုင်ဖ


ဦးလှကြည်


ဒေါက်တာမင်းမြင့်


ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကို

**ဗိုလ်ချုပ်အောင်ဆန်း၏သား ဦးအောင်ဆန်းဦး**

အာဇာနည်တွေက မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တာဆိုတော့ လွတ်လပ်ရေးရတုန်းက ချမှတ်ထားတဲ့ ယုံကြည်မှုအပေါ်မူတည်ပြီးတော့ ရေးဆွဲထားတဲ့ ညီညွတ်မှု အခြေခံဥပဒေကအရေးကြီးတယ်လို့ထင်ပါတယ်။ အဲဒီမှာ မြန်မာလူမျိုးဆိုတာ ဗမာ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားတွေဖြစ်ပါတယ်။ နိုင်ငံအဆင့်ကတော့ မြန်မာနိုင်ငံဆိုပြီးတော့ ဗမာနိုင်ငံမဟုတ်ဘူး၊ မြန်မာနိုင်ငံ၊ အဲဒီအတိုင်းပဲ စဉ်းစားပြီးလုပ်ကိုင်မှ ယဉ်ကျေးမှုရမှာ။ ဒီနေ့လည်း အာဇာနည်နေ့ပန်းခွေချပြီးရင် နှစ်မိနစ်၊ သုံးမိနစ်လောက် တိုင်းပြည်နဲ့လူမျိုး၊ နောက် အာဇာနည်အားလုံးကို မေတ္တာပို့အမျှပေးဝေမှာပါ။ နိုင်ငံသားတွေအနေနဲ့ အမှန်အတိုင်း စဉ်းစားတတ်ဖို့က အရေးကြီးတယ်။ ပညာရေးစနစ် စဉ်းစားပုံ စဉ်းစားနည်းစနစ်ကို ပထမဆုံး အမြန်ဆုံး မြှင့်တင်ပေးနိုင်ဖို့ ကြိုးစားရမယ်။ အခုက မစဉ်းစားတတ်တဲ့သူတွေကို အချင်းချင်း မညီညွတ်အောင်လုပ်နေတဲ့ အပိုင်းတွေရှိတယ်။ ပြည်သူလူထုက စဉ်းစားပြီး ညီညီညွတ်ညွတ်နေကြဖို့ အရေးကြီးတယ်။

**သခင်မြ၏သား ဦးရဲမြင့်အောင်**

ဒီနေ့ ဒီရက်မှာသတိရပေးတဲ့အတွက် ကျေနပ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက ကိုယ်ကျိုးစွန့်ခဲ့ကြတယ်။ တိုင်းပြည်ချစ်တယ်။ သူတို့ရဲ့စိတ်ဓာတ်က လွတ်လပ်ရေးရအောင် လုပ်မယ်ဆိုတဲ့ စိတ်ကလွဲလို့ ဘာမှမရှိဘူး။ သူတို့တွေရဲ့စိတ်ဓာတ်တွေက ချီးကျူးစရာကောင်းပါတယ်။ အားလုံး စည်းစည်းလုံးလုံးနဲ့ တိုင်းတစ်ပါးရဲ့လက်အောက်ခံဘဝကနေ လွတ်လပ်ရေးရအောင်လုပ်ခဲ့လို့ အာဇာနည်နေ့ဆိုတာ ဖြစ်ခဲ့တာလေ။

**ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်ဇင်ချို**

အမေရိကတည်းက မှာသွားတယ်။ သူမရှိလည်း အာဇာနည်နေ့အခမ်းအနား တက်ရောက်ဖို့၊ မောင်နှမတွေ တစ်ယောက်မအားလည်း တစ်ယောက် တက်ရောက်ဖို့ မှာသွားပါတယ်။ ကျွန်တော်တို့လည်း နှစ်စဉ်မပျက် တက်ရောက်ပြီးဂါရဝပြုပါတယ်။ အဘိုးအတွက်လည်း ဂုဏ်ယူမိရင်းနဲ့ပေါ့၊ အခုလို (၇၆)နှစ်မြောက်နေ့အထိကို လာပြီးတော့ ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးများကို ဂါရဝပြုရတာ အားလုံးအတွက် ဂုဏ်ယူမိပါတယ်။ နှစ်စဉ် အစဉ်အလာမပြတ် အမြဲတမ်းကျင်းပပေးနိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

**မန်းဘခိုင်၏မြေး နန့်စိုးစိုးခိုင်**

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်၊ ကျန်းမာရေးကောင်းတဲ့အတွက်ကြောင့်၊ အသက်ရှင်တဲ့အတွက်ကြောင့်လာနိုင်တာပါ။ အခု အာဇာနည်နေ့ အခမ်းအနားကိုတက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ယူပါတယ်။ ကျွန်မအဘိုးက အာဇာနည်ခေါင်းဆောင်ဆိုတာ ရအောင်လုပ်တာမဟုတ်ဘူး။ သူ့ရဲ့ပင်ကိုစိတ်က တိုင်းပြည်အတွက် အလုပ်လုပ်ရင်းနဲ့ အာဇာနည်ဖြစ်တာ၊ အာဇာနည်ဖြစ်ခဲ့တာ ဂုဏ်ယူပါတယ်။ အဖေက ကိုယ်လုပ်တဲ့အလုပ်တိုင်းမှာ အဘိုးလို တိုင်းချစ်ပြည်ချစ်စိတ်နဲ့လုပ်ဖို့အမြဲမှာကြားခဲ့ပါတယ်။ ကျွန်မလည်း နိုင်ငံအတွက်ကျရာအခန်းကဏ္ဍက လုပ်ခဲ့ပါတယ်။ တိုင်းပြည်ကိုချစ်တဲ့စိတ်၊ နိုင်ငံချစ်တဲ့စိတ်နဲ့ပါပဲ။ ကျွန်မအဘိုးက ချစ်ခြင်းမေတ္တာကို တည်ဆောက်ခဲ့တယ်။ မိသားစုကလည်း ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ခဲ့ပါတယ်။ အားလုံး ချစ်ခြင်းမေတ္တာနဲ့ အရာရာတည်ဆောက်ရင် အကောင်းဆုံးပါ။

**မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်**

ကျွန်မဖခင် မန်းဘခိုင်က ကရင်ဗမာ ချစ်ကြည်ရေးအတွက် အများကြီးလုပ်ဆောင်ခဲ့တဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်ပါတယ်။ ဖခင်ဆုံးရှုံးရတဲ့အတွက် ကျွန်မတို့နိုင်ငံအတွက် အများကြီး ဆုံးရှုံးခဲ့တယ်လို့ပဲ ခံစားရတယ်။ အာဇာနည်ခေါင်းဆောင်ကြီးရဲ့ မိသားစုဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံ့တာဝန်ကိုလည်းထမ်းဆောင်ခဲ့တာ ၄၂ နှစ်ရှိပါတယ်။ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့တာပါ။ အခုလည်း လက်ရှိပါဝင်လို့ရတဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်ပါတယ်။ ကျွန်မဖခင်လိုမျိုး လူမျိုးရေးစိတ်ဓာတ်၊ ချစ်ကြည်ရေးစိတ်ဓာတ်တွေ အပြည့်ရှိအောင် ဝိုင်းဝန်းကြိုးစားရင်းနဲ့ နိုင်ငံတော်အေးချမ်းသာယာအောင်လုပ်ဆောင်ကြပါလို့ တိုက်တွန်းစကားပြောကြားလိုပါတယ်။

**မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

ဒီလိုအခမ်းအနားကို နှစ်စဉ်နှစ်တိုင်းကျင်းပပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ မဖြစ်မနေ တက်ဖြစ်အောင်တက်ခဲ့ပါတယ်။ ဒီနေ့အခြေအနေက ကျန်းမာရေးမကောင်းတဲ့အတွက် ဝှီးချဲနဲ့ လာခဲ့ရတာပါ။

**ဦးရာဇတ်၏သား ဦးလှကြည်**

အာဇာနည်တွေရဲ့အကြောင်းကို မျိုးဆက်သစ်လူငယ်တွေအတွက် ကျောင်းတွေက ဆရာ ဆရာမတွေ ပြောရင် ပိုပြည့်စုံပါတယ်။ ဆရာမတွေကိုယ်တိုင်က ခံစားရမယ်။ နားလည်ရမယ်။ သူတို့ကတစ်ဆင့် ကျောင်းသား ကျောင်းသူတွေကို ပြန်ပြောပေးတာ ပိုကောင်းပါတယ်။ အာဇာနည်ကြီးတွေရဲ့ သားသမီးဖြစ်တဲ့အတွက် ငယ်ငယ်က ကျောင်းသားဘဝက သိပ်မသိဘူး။ အတန်းကြီးလာတော့ ဆရာ ဆရာမတွေ၊ ဝန်ထမ်းအချင်းချင်းကစပြီး လေးလေးစားစား ဆက်ဆံတဲ့အတွက်ပီတိဖြစ်မိပါတယ်။ သမ္မတကြီးမန်းဝင်းမောင် လက်ထက်ကျမှ နိုင်ငံတော်ဗျာပနဆိုပြီး မိသားစုဖိတ်တယ်။ သူတို့ကိုယ်တိုင် ဂါရဝပြုပါတယ်။ အလေးပြုတယ်၊ ဝမ်းသာတယ်၊ ကျေးဇူးတင်တာပေါ့။

**ဦးအုန်းမောင်၏သား ဒေါက်တာမင်းမြင့်**

နှစ်တိုင်း တက်ရောက်ဂါရဝပြုနေကျပါ။ နိုင်ငံတော်ကလည်း ကျကျနန နှစ်စဉ်အကုန်လုပ်ပေးတယ်။ ဆရာ့အမေက မဆုံးခင်ကတည်းက မှာသွားတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေ၊ ဆရာ့အဖေအပါအဝင်ရယူပေးသွားတဲ့လွတ်လပ်ရေးအတွက် ကျေးဇူးတင်ဂုဏ်ပြုတဲ့အနေနဲ့ ဆရာတို့ ကျန်းမာသရွေ့ အာဇာနည်နေ့ကို တက်ရောက်ဖို့လိုတယ်ဆိုပြီး၊ အာဇာနည်နေ့ဆိုတာ နိုင်ငံတော်ကကျင်းပတဲ့ အခမ်းအနားဖြစ်တဲ့အတွက် ဘယ်သူက ဦးဆောင်ဆောင်၊ ဆရာတို့က ကျန်းမာရေးကောင်းရင် တက်ဖို့ အဆင်သင့်ပါ။

ဆရာ့အဖေက တစ်ချိန်က နိုင်ငံခြားက ICS အောင်လာတော့ တိုင်းမင်းကြီးအနေနဲ့ မြစ်ကြီးနားမှာလုပ်ခဲ့တယ်။ ဗိုလ်ချုပ်က သိတယ်။ အဖေ့ကို ပြန်ခေါ်တယ်၊ အတွင်းဝန်ဆိုပြီး ဗိုလ်ချုပ်က အားကိုးတယ်၊ ပင်လုံညီလာခံကို အခြေခံပြီး ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလန်ကိုသွားပြီး ဗြိတိသျှဝန်ကြီးချုပ်ကို ရအောင်ပြောခဲ့တယ်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီး လုပ်ကြံခံရတော့ ဝန်ကြီးချုပ်ဦးနုက ဆက်ပြီး အကောင်အထည်ဖော်တယ်။ အဲဒါကြောင့် နု-အက်တလီစာချုပ် ဖြစ်လာတယ်။ နောက်ဆုံးလွတ်လပ်ရေးရခဲ့တယ်။ အချုပ်ပြောရရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရုံးရည် နှလုံးရည်ပြောင်မြောက်မှု၊ သတ္တိရှိမှုတို့ကို နောင်လာ နောက်သားလူငယ်တွေ အတုခိုးပြီး အဲဒီလိုကြိုးစားဖို့ လိုအပ်တယ်လို့ပြောချင်ပါတယ်။

**ရဲဘော်ကိုထွေး၏တူ**
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကို**

(၇၆)နှစ်မြောက် အာဇာနည်နေ့မှာ အဘအနေနဲ့ လွန်ခဲ့တဲ့ (၇၆)နှစ်က ကျဆုံးသွားကြတဲ့ အာဇာနည်ကိုးဦးအပါအဝင် အဲဒီအချိန်က နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ အမျိုးသားခေါင်းဆောင်ကြီးတွေကို နှမြောတသ လွမ်းဆွတ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအမျိုးသားခေါင်းဆောင်ကြီးတွေက အဲဒီအချိန်က တာဝန်ကြီးသုံးခုကို ထမ်းဆောင်ခဲ့ကြတယ်။ ပထမတာဝန်က မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာရရှိရေးဆိုတဲ့တာဝန်၊ ဒုတိယတာဝန်က တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိရေးဆိုတဲ့ တာဝန်၊ နောက် တတိယတာဝန်က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးတဲ့အချိန်မှာ ဖွံ့ဖြိုးတိုးတက်စည်ပင်ရေးဆိုတဲ့ တာဝန်တွေ၊ အဲဒီအချိန်က လုပ်လို့တောင်မရသေးဘူး။ ဒါပေမဲ့ စီမံကိန်းတွေချပြီးတော့ လုပ်ခဲ့ကြတယ်။ အဲဒီတာဝန်သုံးခု ထမ်းဆောင်နေတုန်းမှာ မမျှော်လင့်ဘဲကျဆုံးသွားကြတယ်။

ဒါပေမဲ့ လွတ်လပ်ရေးရရှိပြီးချိန်မှာလည်း ခေတ်အဆက်ဆက် အစိုးရအသီးသီးက ဒီလုပ်ငန်းတာဝန်သုံးရပ်ကို ဆက်ပြီး ဆောင်ရွက်ခဲ့ကြတယ်။ ကိုယ့်နည်း ကိုယ်ဟန် ကိုယ့်မူဝါဒနဲ့ပေါ့။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက (၇၆)နှစ်ကြာတဲ့ အချိန်မှာ တွေ့ကြုံနေရတာက ဒီတာဝန်ကြီးသုံးရပ်၊ အရေးအရာကြီး သုံးရပ်ကို နှောင့်ယှက်ဖျက်ဆီးနေတဲ့ သူတွေရှိနေတာ တွေ့ရတဲ့အတွက် ဝမ်းနည်းစရာပါ။ ဗိုလ်ချုပ်ဆိုရင် လူငယ်ပါပဲ၊ ကျဆုံးချိန်မှာ ၃၂ နှစ်ပဲ၊ ရဲဘော်ကိုထွေးဆိုလည်း ၁၈ နှစ် မပြည့်သေးဘူး။ သူတို့လူငယ်တွေက နိုင်ငံအတွက် ကြိုးကြိုးစားစား လုပ်ဆောင်ခဲ့ကြတယ်။ ဗိုလ်ချုပ်ဆိုရင် နိုင်ငံအတွက် လုပ်ခဲ့တာ နည်းတာမဟုတ်ဘူး။ လူငယ်တွေဆိုပေမဲ့ ကြိုးစားပမ်းစားလုပ်ခဲ့ကြတယ်။ အခု တာဝန်ကြီးသုံးရပ်ကို ဆန့်ကျင်ဖီလာတဲ့ စိတ်ထားတွေနဲ့ လူငယ်တွေလုပ်နေကြတယ်။ အဲဒီလိုလုပ်တဲ့အတွက် များစွာ စိတ်မကောင်းဖြစ်မိပါတယ်။ လူငယ်ဘဝမှာ နိုင်ငံကောင်းဖို့အတွက် ကြိုးစားအားထုတ်နေတဲ့ လူတွေဖြစ်ပါစေ၊ ပြည်ပကနေ အိုးမည်းသုတ်နေတာကိုသိပြီး နိုင်ငံတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။

# အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အထူးကုဆေးရုံကြီး ခုတင်-၅၀၀ (ရန်ကုန်)သို့ရောက်ရှိပြီး (၅၇)ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်လူနာကို ကြည့်ရှုအားပေးစကား ပြောကြားသည်။ အဆိုပါ လူနာကို အစ်မအရင်းဖြစ်သူက ကျောက်ကပ်လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး ကျောက်ကပ်လှူဒါန်းသူသည် ကျန်းမာရေးကောင်းမွန်ပြီးဖြစ်သဖြင့် ဇူလိုင် ၁၃ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်သည်။ လူနာ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်ပြီး အထူးကု ဆေးရုံကြီးခုတင်-၅၀၀ (ရန်ကုန်)၌ သက်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ဆက်လက်၍ အနီးကပ်ကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခွဲစိတ်ကုသမှုများကို တိုးတက်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူနာများ၏ အကျိုးကျေးဇူးအတွက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ ပုံမှန်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ပြီး ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ အသက်အရွယ်အလိုက် အပိုဆောင်း ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေးနှင့် အမီလိုက် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလွှမ်းခြုံမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု၊ အမီလိုက် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဇူလိုင် ၁၉

တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဒေါ်ညိုပြာလွင်နှင့် သမီးဖြစ်သူ အသည်းအလှူရှင် မညိုရဝေထူးတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၁၀ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံ လူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ် ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၅၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၆) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၆၇,၉၆၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၃၀) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၂၇) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)ရှိ ရွှေစင်မင်းသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၅၄ ပါး၊ ရွှေစင်မင်းသီလရှင်စာသင်တိုက်နှင့် အမျိုးသမီး ပရဟိတပညာရေးကျောင်းတို့မှ သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၈၀၊ ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းသား ကျောင်းသူ ၁၂၉ ဦးနှင့် ဒေသခံပြည်သူ ၇၆ ဦးတို့ကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ သီလရှင်စာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့်ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို/ သွေးချို စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေကျဆင်းမှုများကြောင့် မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရပ်ကွက်မှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၂၂၀ ကို အောင်သိဒ္ဓိကျောင်းတိုက်နှင့် အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း၊ မော်လမြိုင်မြို့ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် သီရိမြိုင်ရပ်ကွက်၊ ဇေယျာမြိုင်ရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ မြေနီကုန်းရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ လှိုင်ရပ်ကွက်၊ မြိုင်သာယာရပ်ကွက်၊ နောင်ခရီရပ်ကွက်တို့အတွင်းသို့ ရေဝင်ရောက်မှုများကြောင့် အဆိုပါရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၁၃၆၁ စုကို မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက် ဓမ္မကာရီဓမ္မာရုံနှင့် မြေအမြင့်ပိုင်းရှိ နေရာများသို့လည်းကောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီပြောင်းရွှေ့နေရာချထားပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထမင်းဘူးများ ထောက်ပံ့ပေးအပ်ကာ ရေဝင်ရောက်ခဲ့သည့်နေရာများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြောင်းရွှေ့နေရာချထားပေး**

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ အဆက်မပြတ်ကျဆင်းလာမှုကြောင့် ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ပါချန်မြစ်ကမ်းဘေးရှိ လုံးဖောကျေးရွာ၊ အေးချမ်းသာကျေးရွာနှင့် ဖော့သုတ်ကျေးရွာတို့သို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား သတ်မှတ်နေရာများသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများက ပြောင်းရွှေ့နေရာချထားပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများကြောင့် အုတ်ကျင်းရပ်နှင့် ဘဲရမ်းကျေးရွာရှိ လမ်းအချို့နှင့် လူနေအိမ်များအတွင်း ရေများဝင်ရောက်လျက်ရှိရာ တာဝန်ရှိသူများက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးစဉ်။ သားငယ် (ပြန်/ဆက်)



မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကြောင့် ဇူလိုင် ၁၉ ရက် နံနက် ၃ နာရီမှ စတင်ကာ မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာ အနိမ့်ပိုင်းရပ်ကွက်များဖြစ်ကြသည့် ရပ်ကွက် ၂/၃/၇/၈ အပိုင်းများ၌ ရေကြီးရေလျှံမှုဖြစ်ပွားပြီး နေအိမ်တချို့ရေများဝင်ရောက်လျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုးညိုမြို့နယ်၌ ကောက်စိုက်စက်ဖြင့်စပါးစိုက်ပျိုးခြင်း သရုပ်ပြ

**မိုးညို ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၆) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၅ ရက်က ညောင်ဝိုင်းကျေးရွာရှိ တောင်သူ ဒေါ်နီနီဝင်းရွှေ၏ ကွင်းအမှတ် (၆၅)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ဦးနှင့် ဝန်ထမ်းများက ကောက်စိုက်စက်နှင့်ပတ်သက်သည့် စက်မှုဆိုင်ရာအချက်အလက်များ၊ ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ တောင်သူများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို လက်တွေ့စိုက်ပျိုးပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲထွဋ်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာနေတောင်သူများက တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**ကိုမင်း(ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

## မှော်ဘီမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ငွေကျပ် ၁၈၃ ဒသမ ၂ သန်း ပြန်လည်ထုတ်ချေး

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို မြို့နယ်အတွင်းရှိကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်း အတိုးအရင်းငွေများအား အကြေပေးချေပြီးသည့် ကျေးရွာခြောက်ရွာတို့မှ ကျေးရွာနေပြည်သူ ၅၆၉ ဦးတို့အား ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် စတုတ္ထစက်ဝန်းအတွက် စီမံကိန်းရန်ပုံငွေကျပ် ၁၈၃ ဒသမ ၂ သန်းကို ဇူလိုင်၁၃ ရက်မှ ၁၈ ရက်အထိ ပြန်လည်၍ ထုတ်ချေးပေးနိုင်ခဲ့သည်။



စတုတ္ထစက်ဝန်းအတွက် စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ဆောင်ရွက်နေသည့် ကျေးရွာခြောက်ရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦး၊ အရောင်းအဝယ်ဆောင်ရွက်သူ ၁၀၅ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၇၀ နှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးတို့အား ထုတ်ချေးပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

## တောင်ကြီးမြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**တောင်ကြီး ဇူလိုင် ၁၉**

(၇၆)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်တို့က "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တောင်ကြီးမြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားပေးကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုအတွက် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ယင်းမာပင်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ယင်းမာပင် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် သံဃာတော်အရှင်သူမြတ်ငါးပါးအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဦးစွာ မံဘုရားကျောင်းတိုက်ဆရာတော် ဦးပညာစက္ကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သာဓုအနုမောဒနာတရား နာယူကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နန်းရာကုန်းကျေးရွာရှိ လယ်မြေ ၈၅ ဧကအတွင်း စုပေါင်းထွန်ယက်ပွဲနှင့် အကျိုးဆောင် တောင်သူများဖြင့် မျိုးစပါး မျိုးစေ့ထုတ် စိုက်ခင်း ဆောင်ရွက်ရန် ပျိုးထောင်ထားရှိသည့် ပျိုးခင်းများကို ယူရီးယားမြေဩဇာနှင့် စူပါဘိုကာရှီ မြေဆွေးရောစပ်၍ စုပေါင်းကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး စူပါဘိုကာရှီမြေဆွေး လက်တွေ့ပြုလုပ်ပြသနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား သဘာဝဓာတ်မြေဩဇာပြုလုပ်ရာ၌ အသုံးပြုသည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်ထားသော အသင့်သုံး EM ဖျော်ရည်ဘူးများ



ပေးအပ်၍ လိုအပ်သည်များ မှာကြားသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ပြုလုပ်သည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့တက်ရောက်၍ သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သိန်းတန်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ပျားလည်ချောင်းကျေးရွာ၌ ထောက်ပံ့ပေးအပ်ထားသော GW – 11 မျိုးစပါးများကို ကောက်စိုက်စက်များဖြင့် စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သော ခရိုင်/မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၉၆/ ဃ) ကညင်ချောင်းကွင်းရှိ တောင်သူ ၂၂ ဦး၏ မိုးစပါး ဆင်းသွယ်လတ် စိုက်ဧက ၂၅ ဧကတွင် စပါးများ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်ထွန်ယက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းပျဉ်းမြို့၌ မြို့ဝင်ဘီးခွန်ကောက်လုပ်ငန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**မိုင်းပျဉ်း ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ မြို့ဝင်ဘီးခွန်ကောက်လုပ်ငန်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက မြို့အဝင် ဘီးခွန်ကောက်လုပ်ငန်းနေရာ၌ ဆောင်ရွက်ခဲ့သည်။




ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ကိုင်ခွင့် ရရှိထားသူများအနေဖြင့် လိုင်စင်စည်းကမ်းပါ ကောက်ခံရမည့်နှုန်းထားများအတွင်း ကောက်ခံနေခြင်းရှိ/မရှိ၊ လုပ်ငန်းဆောင်ရွက်စဉ်တွင် ဘီးခွန်ကောက်ဝန်ထမ်းများ သတ်မှတ်ဝတ်စုံ ဝတ်ဆင်ခြင်း ရှိ/မရှိကို မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်သော ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့က မြေပြင်သို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြောက်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဒေါ်မို့မို့ခိုင်က အမှာစကားပြောကြားသည်။

လူငယ်စကားဝိုင်းတွင် Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်မြမြဝင်းနှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ကျော့ကျော့လွင်တို့က ဆောင်ရွက်ခဲ့ပြီး ကျောင်းသားကျောင်းသူ ခြောက်ဦးတို့က ဆွေးနွေးခဲ့သည်။

ထို့နောက် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာလေးက ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသားကျောင်းသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။

အဆိုပါဆွေးနွေးပွဲသို့ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြင့်လွင် (ပြန်/ဆက်)

# ထိုင်းပါလီမန်က ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာ လင်ဂျာရိုအန်ရတ်အား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံမှုကို ပယ်ချ



ဗန်ကောက် ဇူလိုင် ၁၉

ထိုင်းပါလီမန်က ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာ လင်ဂျာရိုအန်ရတ်အား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံမှုကို ယနေ့ပယ်ချခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ပါလီမန်၌ ဝန်ကြီးချုပ်ရွေးချယ်ရန် မဲခွဲဆုံးဖြတ်မှုတွင် ပီတာသည် ထောက်ခံမဲအများစုကို မရရှိခဲ့ပေ။

ဇူလိုင် ၁၉ ရက်တွင် ဝန်ကြီးချုပ်ရွေးချယ်မှုအတွက် ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်ရန် ပါလီမန်က ကြေညာခဲ့သည်။

သို့သော် အဆိုပါမဲခွဲဆုံးဖြတ်ခြင်းမတိုင်မီ ပါလီမန်က ကွန်ဆာဗေးတစ် လွှတ်တော်အမတ်များ၏ အဆိုတင်သွင်းမှုတစ်ရပ်ကို လက်ခံအတည်ပြုခဲ့သည်။

ဝန်ကြီးချုပ်ရွေးချယ်မှုနှင့်ပတ်သက်ပြီး ပီတာသည် ဒုတိယအကြိမ် ဝင်ရောက်ရွေးချယ်ခြင်းခံယူရန် အရည်အချင်းမပြည့်မီကြောင်း ကွန်ဆာဗေးတစ် လွှတ်တော်အမတ်များ တင်သွင်းသည့် အဆိုတွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်ရွေးချယ်ရာတွင် ပီတာအား ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းသည် ပါလီမန်စည်းမျဉ်းကို ချိုးဖောက်ရာရောက်ကြောင်း ကွန်ဆာဗေးတစ် လွှတ်တော်အမတ်များက ဆိုသည်။

ယင်းအဆိုအရ ပီတာသည် ရှေ့သို့လှမ်းချီပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းခွင့်မရှိတော့ကြောင်း ဆိုလိုခြင်းဖြစ်သည်။

အတိုက်အခံပါတီ ရှစ်ခုသည် ဒုတိယအကြီးဆုံး ဖွေထိုင်းပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အဆိုပြုမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်




## ဥရောပဒေသ၌ အပူချိန်မြင့်တက်နေသည့်အရေး ကိုင်တွယ်ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တာဝန်ရှိသူ တောင်းဆို

ကိုပင်ဟေဂင် ဇူလိုင် ၁၉

ဥရောပဒေသတွင် အပူချိန်များမြင့်တက်နေသည့်အရေး အရေးပေါ်အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသရုံးမှ ညွှန်ကြားရေးမှူး ဟန်ကလုပ်က တာဝန်ရှိသူများကို တောင်းဆိုလိုက်သည်။

ယမန်နှစ်အတွင်း ဥရောပဒေသတွင် အပူချိန်မြင့်တက်မှုကြောင့် ဒေသခံ ၆၀၀၀၀ သေဆုံးခဲ့သည်။

တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူအရေအတွက်များပြားလာကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ဥရောပဒေသရှိဒေသခံများသည် နေ့စဉ်မိုးလေဝသအခြေအနေ ကြေညာချက်များကို ကြည့်ရှုရန်လိုအပ်ပြီး ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့လူသားတစ်ရပ်လုံးကို ကျရောက်နေသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တိုက်ဖျက်ရန် ကမ္ဘာတစ်ဝန်းလုံးက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ရေရှည်တွင် ရာသီဥတုပြောင်းလဲမှုနှင့်သက်ဆိုင်သည့် ကျန်းမာရေးပြဿနာများကို ဖြေရှင်းရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသရုံးမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

## ဂျပန်နိုင်ငံသို့ ပထမနှစ်ဝက်အတွင်း နိုင်ငံခြားသားခရီးသွား ၁၀ သန်းကျော် ဝင်ရောက်

တိုကျို ဇူလိုင် ၁၉

၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တာ ကာလအတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွား အရေအတွက် ၁၀ ဒသမ ၇၁ သန်းအထိ ဝင်ရောက်ခဲ့ကြောင်းနှင့် ယင်းသို့ ဝင်ရောက်ခဲ့သည့် အရေအတွက်သည် ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်အတွင်းက ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသား ခရီးသွားအရေအတွက်၏ ၆၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဂျပန်နိုင်ငံအစိုးရ၏ ဇူလိုင် ၁၉ ရက်တွင် ဖော်ပြသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဂျပန်နိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသွား အရေအတွက်သည့် ၂၀၂၂ ခုနှစ် အလားတူကာလက နိုင်ငံခြားသား ခရီးသွားအရေအတွက် ၅၀၇၆၃၀ ဝင်ရောက်ခဲ့ခြင်းကြောင့် ယင်းကာလထက်လည်း မြင့်တက်မှုရှိခဲ့ကြောင်း ဂျပန်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ အစည်းက ပြောသည်။

ဇွန်လတစ်လတည်းမှာပင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၂ ဒသမ ၀၇ သန်း ဝင်ရောက်ခဲ့ကြောင်းလည်း သိရသည်။ ထို့ပြင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဂျပန်နိုင်ငံသားများ ပင်လယ်ရပ်ခြားနိုင်ငံများသို့ သွားရောက်သည့် အရေအတွက်မှာမူ ၃ ဒသမ ၆၁ ရာခိုင်နှုန်းရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီ ကာလဖြစ်သည့် ၂၀၁၉ ခုနှစ်ကာလ၏ ၃၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်



## ရုရှားနိုင်ငံ၌ ငွေကြေးခဝါချမှု အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးစနစ် တည်ထောင်မည်

မော်စကို ဇူလိုင် ၁၉

ရုရှားနိုင်ငံသည် တရားမဝင်ရရှိသည့် ငွေကြေးများကို တရားဝင်ငွေဖြူအဖြစ် ငွေကြေးခဝါချသည့်မှုခင်းများကို တိုက်ဖျက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးစနစ်တစ်ခုကို တည်ထောင်သွားမည်ဟု ရုရှားအစိုးရက ပြောသည်။

၎င်းစနစ်ကိုတည်ထောင်ရာတွင် ဗဟိုအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားအစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့က မှတ်ချက်ပြုသည်။

အဆိုပါ သတင်းအချက်အလက်ဖလှယ်ရေးစနစ်ကို ရုရှား၏ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ ရုရှားနည်းပညာဖြင့် ၂၀၂၃ မှ ၂၀၂၆ ခုနှစ်ကာလတွင် တည်ထောင်မည်ဟု သိရသည်။

၎င်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ရူဘယ်ငွေ ၈ ဒသမ ၅ သန်းကို သုံးစွဲရန် ဝန်ကြီးချုပ်မီခေးလ် မီရှူစတင်က ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ



## တရုတ်နိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီကို အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နင်မရိုဇ်ပြည်နယ်ရှိ ဒေသခံများအား ပေးအပ်

ကဘူးလ် ဇူလိုင် ၁၉

တရုတ်နိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီကို အာဖဂန်နစ္စတန် အနောက်ပိုင်း နင်မရိုဇ်ပြည်နယ်ရှိ မိသားစုပေါင်း ၄၂၀ သို့ ဖြန့်ဝေခဲ့ကြောင်း နေရပ်ပြန်လက်ခံရေးဆိုင်ရာ ပြည်နယ် ညွှန်ကြားရေးမှူး အဗ္ဗဒူလာရီအာ့စ်က ပြောသည်။

အကူအညီ လက်ခံရရှိသူများတွင် နေရပ်ပြန်လာသူမိသားစု ၁၀၀ ပါဝင်ပြီး မိသားစုတစ်စုစီသည် ဆန် ကီလိုဂရမ် ၅၀ ရရှိခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယခင်ကလည်း နင်မရိုဇ်နှင့် ဟီရက်ပြည်နယ်များသို့ တရုတ်နိုင်ငံက ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် လွန်ခဲ့သော တစ်နှစ်ကျော်ကပင် ကာကွယ်ဆေးများ၊ ဆောင်းရာသီ အဝတ်အထည်များ၊ အစားအစာများနှင့် ယာယီတဲများအပါအဝင် လူသားချင်းစာနာထောက်ထားသော အကူအညီများကို ထောက်ပံ့ပေးခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

■

# တရားမဝင် သစ်မျိုးစုံ၊ ရေနံ၊ တိရစ္ဆာန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



မန္တလေး(၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က သိမ်းဆည်းရမိမှု။

နေပြည်တော် ဇူလိုင် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အထူးစစ်ဆေးရေးအဖွဲ့က ပဲခူးမြို့နယ်အဝင်တွင် မူဆယ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးအား စိစစ်၍ ရွာသာကြီး Dry Port ၌ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Bonny Track Bicycle အစီး ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေး(၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမှ ပြင်ဦးလွင်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းဆက်တီ တစ်စုံအပါအဝင် ကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၇၀၀၀)နှင့် အဆိုပါ ကျွန်းပရိဘောဂ အကြမ်းထည်မျိုးစုံ တင်ဆောင်သော Toyota Hilux တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၄၇၀၀၀ကို သိမ်းဆည်းရမိခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန သို့ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းအပ်နှံအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ရက် ၆၀ နှင့်အထက် ကျော်လွန်သည့်အပြင် တင်သွင်းခွင့် လိုင်စင်ခွင့်ပြုချက် တင်ပြနိုင်ခြင်းမရှိသည့် Solar Mounting & Accessories ၁၀၅၉၅ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၃၁၃၁၃)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ စင်ကာပူနိုင်ငံမှ ရောက်ရှိလာသော ခရီးသည်၏ ဝန်စည်တစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အမျိုးသမီးဝတ် EAST Watch အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၈၁၃၁၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့အဝင် မုခ်ဦးအနီး၌ လိုင်စင်မဲ့ Honda Odyssey ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့နယ် အလုံသုံးထောင့်ချွန်းလမ်းဆုံအနီး၌ လိုင်စင်မဲ့ Lifan သုံးဘီးယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့ အနော်ရထာတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က ယာဉ်နှစ်စီးပေါ်မှ လိုင်စင်မရှိဘဲ သယ်ဆောင်လာသော ကျွဲ ၂၅ ကောင်နှင့် နွား ၂၁ ကောင်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)နှင့် အဆိုပါ တိရစ္ဆာန်များ တင်ဆောင်လာသော Isuzu Truck တစ်စီးနှင့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ လည်းကောင်း၊ မင်းဘူးမြို့နယ် မင်းဘူး-ကျောက်တန်း-မောင်းမကန်သွား ကားလမ်းပေါ်၌ ပူးပေါင်းအဖွဲ့က ယာဉ်တစ်စီးပေါ်မှ တရားမဝင် ရေနံနှင့် ရေနံစိမ်းရောရာ ၁၄၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၀၀၀)နှင့် အဆိုပါရေနံများ တင်ဆောင်သော Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ လည်းကောင်း၊ မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာ ကားလမ်း အနောက်ဘက် သုံးဖာလုံခန့် အကွာ၌ ပူးပေါင်းအဖွဲ့က တရားမဝင် ပိတောက်သစ် (သုည ဒသမ ၂၆၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၉၆၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇူလိုင် ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် ပဲခူးမြစ်-ရွှေလောင်းချောင်းဆုံရာနေရာ မြစ်ကမ်းနံဘေး၌ တရားမဝင် ကျွန်းခွဲသားနှင့် တောင်သရက်ခွဲသား ၉ ဒသမ ၃၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၂၇၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၄ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၉၆၄၅၈၅)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သာစည်နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



သက်ပိုင်ထွန်း(ခ)ဆံရှည်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ အနီး တောင်ကြီး-သာစည်သွား ကားလမ်းတွင် သက်ပိုင်ထွန်း(ခ) ဆံရှည် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၆ ကီလိုကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ည ၆ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ ရပ်ကွက် (၈) ကွတ်ခိုင်-ကောင်းခါး သွား ကားလမ်းတွင် မခမ်းဖောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၇-၂၀၂၃ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ ဓမ္မစကြာပဝတ္တနသုတ်အနတ္တလက္ခဏသုတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၁၅ 'ဝါးမှသည်....ရွှေ'
၀၉:၁၀ NRCအစီအစဉ်(ချင်း) အလှဖြာဝေ...တောင်ဇလပ်မြေ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ တောင်ထန်းတွေနဲ့ဝေဝေဆာစိမ်းစိုသာတဲ့မဲလ်ရွာ
၁၁:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း "ငုဝ်ဝိသဲတိုင် တက်နိုင်များရောက်"
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဟယာမျက်နှာဖုံး" (အပိုင်း-၂၁)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာမှန်တိုင်း" (အပိုင်း-၃၀)
၁၆:၁၅ "မနောမြေကအိပ်အပြန်လက်ဆောင်"
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ New Future Program
၁၈:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၃၅) (ဇာတ်သိမ်းပိုင်း)
၁၉:၂၀ 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၃၂)

mitv

07:02 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 Great Shwedagon - The Historic Bells
07:25 Myanmar's Entrepreneurs: Soe Moe Aung
07:38 Strolling Along A Memory Link - U Pein Bridge
08:01 News
08:25 Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
08:51 Healthy Diet: Detox Water
09:01 Discovering Tribes: Myaung Zee (or) Hmong: their life and customs
09:34 Myanmar Childhood Games (Episode-1)
09:44 Robe Business in Ta Ma Ta Kaw
10:01 News
10:27 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
10:41 Listening Pleasure, Instrumental Music (Banjo) Yangon Thu
10:49 Mote Pel Sote from Intaing Village
11:01 Pyin Oo Lwin Sweater

MRTV NRC

ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
မုန့်ညင်းစောတစ်ခွက်နဲ့ ခံတွင်းမြိန်
မွန် (၀၇:၀၀ မှ ၀၉:၀၀)
နော်ဘုဘောဆုတောင်းတောင်
ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
ရခိုင်ရိုးရာလယ်ထွန်မင်္ဂလာနေ့
ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း
ဝ (၁၃:၀၀ မှ ၁၅:၀၀)
"ဝ" ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၁)
ကချင် (၁၅:၀၀ မှ ၁၇:၀၀)
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ
ကယား (၁၇:၀၀ မှ ၁၉:၀၀)
တားချင်စဖွယ်တို့ရိုးရာဟင်း
ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀)
မြင်းခွာရွက်နှင့်ကျန်းမာရေး
အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၇)
အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ရာသီပန်းကလေးပွင့်လန်းလို့မွှေး
ချင်း(လိုင်စိုး) (၂၂:၀၀ မှ ၂၃:၀၀)
ရာသီပန်းများနှင့်ဖလမ်းမြို့

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစားသတင်း
၀၆:၄၀ အားကစားသတင်း
၀၇:၃၀ Next Level
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ တမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖိဂျီနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)
၀၆:၀၀ ရွေ့သို့လှမ်း၍ - -ဝန်းတိုင်ဆီ "အိမ်နီးချင်းနိုင်ငံများ၏ရွေးကောက်ပွဲများ" (အပိုင်း-၂)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ အပန်းဖြေခရီးတစ်ခေါက်လိမ္မော်ခြံသို့အရောက်
၀၇:၁၅ သတ်ပြုဆင်ခြင်ဖွယ်ကြက်လည်လိမ်ရောဂါအန္တရာယ်
၀၇:၄၅ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် စနစ်တကျသုံးစွဲနိုင်ရေးစွမ်းဆောင်ပေး
၀၈:၁၅ ပန်းအလှဝေဆာမြေပဒေသာ
၀၈:၅၀ ကျန်းမာသုခဝင်ငွေရတဲ့မိသားစုဘဝလေး တည်ထောင်စို့
၀၉:၀၀ ခုတက်ချဉ်စိုက်ကွင်းသို့အလည်တစ်ခေါက် (ဇာတ်လမ်းတို)
၀၉:၄၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ပဲစင်းငုံဟင်းစုံချက်ပြုတ်စားကြစို့

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဒေး'
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရခိုင်ပြည်နယ်၏ ပုစွန်သားပေါက်လိုအပ်ချက်များကို ရာသီအမီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်၏ ပုစွန်သားပေါက်လိုအပ်ချက်များကို ရာသီအမီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာအနီး၌ ငါးလုပ်ငန်းဦးစီးဌာန၏ ပေါက်တောမြို့နယ် စိုးမဲကျီ(ပြောင်းရွှေ့) အောင်တိုင်ရေငန်ပုစွန် သားဖောက်စခန်းသို့ သွားရောက်ပြီး ပုစွန်သားပေါက်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပုစွန်သားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပုစွန်သားဖောက်စခန်း တာဝန်ခံ ဦးမိုးဆွေက သားဖောက်စခန်းအတွင်း ပုစွန်သားပေါက်ကန်၊ ပိုးသတ်ကန်နှင့် မျိုးဖောက်ဆောင်ကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ပုစွန်သားဖောက်စခန်းတာဝန်ခံက ပုစွန်မွေးတောင်သူများအတွက် လိုအပ်လျက်ရှိသော အရည်အသွေးပြည့်ဝသည့် ရေငန်ပုစွန်သားပေါက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး၊ ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် သားပေါက်ထုတ်လုပ်လာနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ သားပေါက်စခန်းအတွင်း ပုစွန်သားပေါက်နေမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့်အခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် စခန်းအတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ပြုပြင်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်တင်စောက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သားပေါက်ရာသီအမီပြုပြင်နိုင်ရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေချမ်းပြင် ရေငန်ပုစွန်သားဖောက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ စခန်းတာဝန်ခံ ဦးကျော်ထွန်းဖံက ရေချိုပုစွန်များ သားဖောက်ရန် စမ်းသပ်ဆောင်ရွက်နေမှု၊ ဒေသမျိုး ရေချိုပုစွန်သားလောင်းများအား ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး စခန်းအတွင်း တီလားပီးယား ငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်ပြသသည်။

စစ်တွေမြို့နယ် အောင်တိုင်ရေငန်ပုစွန် သားဖောက်စခန်းတွင် ပုစွန်သားပေါက် နှစ်သန်းထုတ်လုပ်နိုင်ပြီး ရေချမ်းပြင်သားဖောက်စခန်းတွင် သုံးသန်းထုတ်လုပ်နိုင်မည်ဖြစ်ရာ ဒုတိယဝန်ကြီးက ရာသီအမီထုတ်လုပ်နိုင်ရေး ကြိုးစားလုပ်ဆောင်ကြရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့နယ် ပျားလေချောင်းကျေးရွာ၌ တောင်သူပညာပေးသရုပ်ပြသမည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ထွန်စက်မှ တိုက်ရိုက်အစေ့ချ စနစ်ဖြင့် စိုက်ပျိုးရန်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်မင်္ဂလာကျေးရွာအနီးတွင် ဦးမောင်စံမြ၏ ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုရာ မွေးမြူရေးလုပ်ငန်းရှင်က ဥစားကြက်မွေးမြူထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဇီဝလုံခြုံမှု အလေးထားရန်၊ ယခုပုံစံမှ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAHP)နှင့်အညီ မွေးမြူနိုင်သောခြံအဖြစ် တဖြည်းဖြည်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်မှာကြားပြီး ကြက်ခြံ၏ ဇီဝလုံခြုံရေးအတွက် အသုံးပြုရန် ခြံဖျန်းပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမျိုးသန့်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အုန်းတိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်နှင့် အုန်းသီးစုဆောင်းထားရှိမှု၊ ပျိုးထောင်ထားရှိမှု အခြေအနေများ၊ အထွက်နှုန်းကောင်းသည့် ဒေသနှင့် ကိုက်ညီသည့် မျိုးစပါးများ ပျိုးထောင်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

စစ်တွေမျိုးသန့်ခြံတွင် အုန်းသီး ၅၅၀၀ လုံး ပျိုးထောင်ထားရှိပြီး ရခိုင်ပြည်နယ် တစ်ခုလုံးအနေဖြင့် အုန်းသီး ၃၄၆၀၀ ပျိုးထောင်ထားလျက်ရှိသည်။ အလားတူ မျိုးသန့်ခြံတွင် ဒေသနှင့် သင့်တော်မည့် ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်၊ ရွှေအာဆီယံ၊ ပြည်မြန်မာစိန်၊ ဆားငန်ခံ -၅၊ ဆားငန်ခံ – ၆၊ ဧရာမောင်၊ ရွှေပြည်မင်း၊ ရွှေပြည်ဝင်း၊ YSTR–12 နှင့် GW–11 စပါးမျိုးများကို စမ်းသပ်ရှာဖွေ ပျိုးထောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)က လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ပေးပို့သည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အိမ်ထောင်ပရိဘောဂပစ္စည်း ၁ ဒသမ ၃ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)က လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၇၇ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၈၈ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် မိုးရာသီ အားကစားပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တွင်၂၀၂၃ ခုနှစ် အိပ်ဆောင်အလိုက် မိုးရာသီ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဒီဂရီကောလိပ် စစ်ကိုင်းရှိ ဘောလုံးကွင်း၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အိပ်ဆောင်အလိုက် ဘောလုံးအသင်းသားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဘားအံအဆောင် ဘောလုံးအသင်းနှင့် စစ်ကိုင်းအဆောင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သီပေါမြို့နယ် လမ်းဦးစီးဌာနက ဆောက်လုပ်ခဲ့သည့် သီပေါမြို့ ဇာတ်စုရပ်မိုင်းပွန်လမ်းပေါ်ရှိ ချောင်းကူးတံတားသစ်မှာ ပြီးစီးပြီဖြစ်ရာ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစတင်၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်နှင့် သီပေါ၊ ပန်လုံ၊ မန်စံ၊ နမ္မတူမြို့နယ်တို့သို့ ဆက်သွယ်သွားလာသည့် ယာဉ်ကြီး ယာဉ်ငယ်များ၊ စက်တပ်ယာဉ်များ တံတားသစ်ပေါ်မှ ဖြတ်သန်းမောင်းနှင်ကြသည်ကို တွေ့မြင်ရစဉ်။ ၂၁၀

**✻ ကျောဖုံးမှ**

ကုန်ရထားသုံးစင်းတို့ကို နေ့စဉ် ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်မှ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်တွင် မန္တလေးသို့ ပုံမှန်ထွက်ခွာလာသော အမှတ်(၃) အဆန် လူစီးအမြန်ရထားသည် ည ၉ နာရီ ၁၈ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်တံခါးဘူတာနှင့် ပဲနွယ်ကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၀၉/၂၀-၂၁)သို့ အရောက်တွင် ရထားမီးရောင်ဖြင့် သံလမ်းများကွေးနေပြီး ရထားလမ်းဇလီဖားတုံးများ ထောင်လျက်ဖြစ်နေကြောင်း မြင်တွေ့ရသဖြင့် ရထားအား အချိန်မီရပ်တန့်ခဲ့ပြီး ခရီးသည်များ၏ လုံခြုံရေးအရ ရထားအားပြန်လည်နောက်ဆုတ်ခဲ့ရာ ည ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကျောက်တံခါးဘူတာသို့ ရောက်ရှိပြီး လမ်းပိုင်းအား ည ၁၁ နာရီ ၅၆ မိနစ်ခန့်တွင် ယာယီပိတ်ခဲ့သည်။

ဖြစ်စဉ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းတံတားအား မိုင်းထောင်ဖျက်ဆီးထားမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ ပေ ၆၀ ကွန်ကရစ်တံတားအမှတ်



ဇူလိုင် ၁၈ ရက်က အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲဖျက်ဆီးမှုကြောင့် ရန်ကုန်- မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီးစီးနေသည့် ရထားလမ်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

(၁၆၁) ပေါ်ရှိ အဆန်လမ်း သံလမ်းနှစ်ဖက်သည် အရှည် ၁၁ မီတာခန့်နှင့် အစုန်လမ်းပေါ်ရှိ အရှည် မီတာ ၅၀ ခန့် သံလမ်းများ ကွေးကောက်ပျက်စီးနေခြင်း၊ ကွန်ကရစ် ဇလီဖားတုံးများ ပျက်စီးခြင်း၊ တံတား၏ ကွန်ကရစ်ကြမ်းခင်း အလျား လေးပေ၊ အနံ လေးပေခန့် ပျက်စီးနေသဖြင့် ရထားလမ်းပျက်စီးမှုအား ညတွင်းချင်း ပြန်လည်ပြုပြင်ခဲ့ကာ လမ်းပိုင်းအား ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် အမှတ်(၃)အဆန် လူစီးအမြန်ရထားသည် ၉ နာရီ ၂၇ မိနစ်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားသည် ၅ နာရီ ၄၅ မိနစ်နှင့် အမှတ်(၄)အစုန် လူစီးအမြန်ရထားသည် ၄ နာရီ ၂၃ မိနစ် နီးစပ်ရာဘူတာများတွင် စောင့်ဆိုင်း ကြန့်ကြာခဲ့ရသဖြင့် ရထားစီးခရီးသည် စုစုပေါင်း ၁၅၀၀ ခန့်တို့ လမ်းခရီး၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုဖြစ်စဉ်သည် ပုံမှန်ဖြတ်သန်းသွားလာနေသည့် လူစီးရထားများနှင့် ခရီးသွားပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာမကဘဲ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကိုပါ ထိခိုက်ပျက်စီးရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုဖြစ်စဉ်တွင် ရထားအားအချိန်မီ မရပ်တန့်နိုင်ခဲ့ပါက ရထားစီး ခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အကြမ်းဖက်လုပ်ရပ်တစ်ခု ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၁၂ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၁ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။ အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးက ရွံ့ရှာ မုန်းတီးလျက် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချမှုများဖြင့် တုံ့ပြန်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရထားလမ်းတံတားအမှတ် (၁၆၁) ကွန်ကရစ်ကြမ်းခင်း Slap အောက်ခံမျက်နှာပြင် ကွာကျထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ “ဝ” ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီ မှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီ မှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ည ၁၀ နာရီ မှ ၁၁ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**

**❖ မြန်မာအမျိုးသမီးမှ**

ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်း ခေါင်းဆောင် ခင်မာလာထွန်းက ရရှိခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၀ ရက်တွင် စလင်းကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၀ | ၂၈၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၈ | ၂၀၈၁ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၁၉၉၂ | ၂၀၆၁ |
| HSD (50 ppm) | ၂၀၆၆ | ၂၁၃၆ |
| HSD (10 ppm) | ၂၀၆၆ | ၂၁၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချ



နေပြည်တော် ဇူလိုင် ၁၉

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမ ခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




နေပြည်တော် ဇူလိုင် ၁၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

“ဟာသမြို့တော်”ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး “နောက်ကျချင်ဦးဟ” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဟာသမယ်မတူး၊ ဦးရာကျော်၊ နိုင်မိုး၊ ဦးတိမ်ညွန့်နှင့် ခရမ်းတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဇူလိုင် ၂၂ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဇူလိုင် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုလျာထားချက်အပေါ် ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်

ကံပိုင်တည် ဇူလိုင် ၁၉

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ဒေါ်လာ နှစ်သန်းနှင့် သွင်းကုန်ဒေါ်လာ တစ်သန်းဖြင့် စုစုပေါင်း ဒေါ်လာသုံးသန်းဖြစ်သည်။

ဇူလိုင် ၁၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၁ ဒသမ ၂၁၂ သန်း၊ သွင်းကုန်ဒေါ်လာ ၁ ဒသမ ၃၄၃ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂ ဒသမ ၅၅၅ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ဇူလိုင် ၁၈ ရက်အတွင်း ပို့ကုန်အမယ်များအနေဖြင့် တစ်သျှူးငှက်ပျော တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အမယ်များအနေဖြင့် လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် ဈေးနှုန်းတစ်တန်လျှင် ၂၄၉၃ ယွမ်/ ၃၄၅ ဒသမ ၄၀ ဒေါ်လာတို့ဖြင့် တန်ချိန် ၅၁၇၃ တန်၊ တန်ဖိုး ၁၉၂၈၃၉၄ ဒေါ်လာနှင့် Iron Concentrate (Fe–64.512% / Fe–60.751%) ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၁၀၂/၈၃ တို့ဖြင့် တန်ချိန် ၆၀၂ တန်၊ တန်ဖိုး ၅၃၇၆၆ ဒေါ်လာ တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများအနေဖြင့် Compound Fertilizer (N:18%, P2O5:18%, K2O:18%) ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြင့် တန်ချိန် ၁၄၂၄ တန်၊ တန်ဖိုး ၄၉၅၆၄၁ ဒသမ ၁၃ ဒေါ်လာ၊ Iron Rod ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၇၀၀ ဖြင့် တန်ချိန် ၄၉ ဒသမ ၈၀ တန်၊ တန်ဖိုး ၃၉၀၈၅ ဒေါ်လာ၊ Iron Pipe ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် ၁၄၈၊ တန်ဖိုး ၉၅၉၈၂ ဒသမ ၂၇ ဒေါ်လာ၊ Galvanized Iron Sheet ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၇၀၀ ဖြင့် တန်ချိန် ၁၃၃ ဒသမ ၅၀၀၊ တန်ဖိုး ၈၇၆၅၆ ဒေါ်လာ၊ Iron Nail ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၆၆၀ ဖြင့် တန်ချိန် ၁၈၄ ဒသမ ၅၀၀၊ တန်ဖိုး ၁၁၆၁၈၉ ဒသမ ၁၉ ဒေါ်လာ၊ Artificial Grass ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် ၁၉၁ ဒသမ ၃၀၀၊ တန်ဖိုး ၁၁၆၉၀၆ ဒသမ ၉၄ ဒေါ်လာ၊ Brand New Car Tyre (Size : 14.00 R 25) ဈေးနှုန်းတစ်လုံးလျှင် ဒေါ်လာ ၁၀၀ ဖြင့် အလုံး ၉၀၊ တန်ဖိုး ဒေါ်လာ ၉၀၀၀၊ Ceramic Tile Plain ဈေးနှုန်း (1 M2) လျှင် ၃ ဒသမ ၈ ဒေါ်လာဖြင့် ၉၁၅၀ M2၊ တန်ဖိုး ၃၄၄၀၁ ဒသမ ၉၆ ဒေါ်လာ တင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ) တင်သွင်းနိုင်လျက်ရှိသည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၌ အတက်အဆင်းကုန်များအတွက် အငှားယာဉ်ဖြင့် တင်ဆောင်ခြင်းမဟုတ်ဘဲ ငှက်ပျောတင်ယာဉ်နှင့် သွင်းကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းတင်ယာဉ်များသည် သက်ဆိုင်ရာကုမ္ပဏီပိုင် ယာဉ်များဖြင့်သာ တင်ပို့တင်သွင်းခြင်းဖြစ်သည်။

ကံပိုင်တည်–ဝိုင်းမော်–မြစ်ကြီးနား ကုန်သွယ်မှုလမ်းကြောင်း၌ တောင်ပြိုခြင်း၊ လမ်းပိတ်ဆို့ခြင်းများမရှိဘဲ ကုန်တင်ယာဉ်များ ပုံမှန်သွားလာလျက်ရှိသည်။



## ပြည်မြေပဲဆန်ဈေးနှုန်း ယခင်နှစ်ထက်ပိုလာ

ပြည် ဇူလိုင် ၁၉

ပြည်ခရိုင်တွင် ဇွန်၊ ဇူလိုင်လမှစတင်၍ မိုးမြေပဲများ စတင်စိုက်ပျိုးရာ စိုက်ဧကမှာ ၁၅၀၀ စိုက်ပျိုးပြီးစီး၍ မိုးမြေပဲများမှာ လာမည့်ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စတင်ထွက်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန် ပြည်ဈေးကွက်သို့ ကံမဘက်မှ ဝင်ရောက်လျက်ရှိပြီး တစ်နေ့လျှင် အိတ် ၁၅၀ ခန့်သာ ဝင်ရောက်လျက်ရှိကြောင်း၊ ဝင်ရောက်လာသောမြေပဲဆန်များကို ဆီစက်သမားများနှင့် ပဲကြော်၊ ပဲလှော်သမားများက ဝယ်ယူမှုရှိသဖြင့် ပြည်ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ် ၂၀၂၂ ခုနှစ် ဇူလိုင်လ(ဒုတိယပတ်)တွင် မြေပဲဆီဆန် (အဖြူ၊ အနီ) တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၊ လုံးဆန်(အဖြူ၊ အနီ) တစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ်ဇူလိုင်လ(ဒုတိယပတ်)တွင် မြေပဲဆီဆန်(အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀၊ (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဈေးအထိ မြင့်တက်လာသောကြောင့် ယခင်နှစ်ထက် မြေပဲဆန်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ လုံးဆန်ဈေးမှာလည်း (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၊ (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ရောင်းချသဖြင့် ယခင်နှစ်ထက် တစ်ပိဿာကို ငွေကျပ် ၄၀၀၀ အထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။ မြေပဲဆီဈေးနှုန်းမှာ ၂၀၂၂ ခုနှစ် ဇူလိုင်လ(ဒုတိယပတ်)တွင် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀၊ ယခုနှစ် ဇူလိုင်လ(ဒုတိယပတ်)တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ဖြင့် တစ်ပိဿာကို ငွေကျပ် ၄၀၀၀ အထိ ဈေးများမြင့်တက်လာခဲ့ကြောင်း သိရသည်။

## မိတ္ထီလာခရိုင်အတွင်း ဝါသီးနှံစိုက်တောင်သူများ အကျိုးအမြတ်များရရှိ



မိတ္ထီလာ ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်သည် ဝါစိုက်ပျိုးမှုများသောဒေသဖြစ်ပြီး ဝါစက်လုပ်ငန်းနှင့် ဝါစေ့ဆီစက်များမှ ဝါစေ့ဆီထုတ်လုပ်သည့် လုပ်ငန်းများလုပ်ကိုင်ကြကြောင်း၊ ဝါသီးနှံကို မိုးကြို၊ မိုးနှင့် မိုးနှောင်းဟူ၍ စိုက်ပျိုးကြကာ ဒေသတွင်း၌ မိုးနှင့် မိုးနှောင်း ဝါများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်၌ ဝါသီးနှံစိုက်ပျိုးဆဲကာလဖြစ်သည့်အတွက် ဝါနှင့်ဂွမ်းလက်ကျန် အနည်းငယ်သာရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဝါကုန်ကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀–၃၈၀၀၊ ဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၊ ဝါစေ့နှင့် ဝါစေ့ဖတ်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀–၁၆၀၀ နှင့် ဝါစေ့ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် နိုင်ငံပိုင်ချည်မျှင်နှင့် အထည်စက်ရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဝါသီးနှံမှာ အကျိုးအမြတ်များစွာရရှိသည့်အတွက် ဝါသီးနှံကို ပိုမိုစိုက်ပျိုးသင့်ကြောင်း လေ့လာသိရသည်။

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

### ၁၉–၇–၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၂၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၁၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၅၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၅၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၃၀၀ | ၈၃၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၇၀၀ | | ၁၃၀၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မုံရွာတွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ် ၊ မုံရွာတွင် ၃၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၄၀၀ကျပ် ၊ ရန်ကုန်တွင် ၂၀၀ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၈၀၀ကျပ်၊ ပြည်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ မြေပဲဆံ နှင့် ကုလားပဲဝါ တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပျော်ဘွယ်လေးကြိုးစက်လမ်း၊ အမှတ် ၃၅ - စီ မြေပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ(၈ထပ်ခွဲ) ခတ်လှေကားအပါအဆောက်အဦတွင် စတုရန်းပေ ၁၆၀၀ အကျယ်အဝန်းရှိ တိုက်ခန်းအမှတ် (၇လွှာ-စီ) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဝင်း [၁/ဗမန(နိုင်)၀၀၂၂၉၁]ထံမှ ကျွန်ုပ် ဆလိုင်းကျော်ဇင်ဦး [၈/အလန(နိုင်)၁၂၁၉၀၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် ရောင်းချတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆလိုင်းကျော်ဇင်ဦး**
**[၈/အလန(နိုင်)၁၂၁၉၀၄]**
**အမှတ်-၁၄၊ ၄လွှာ-အေ၊ ပြည်သူ့ကွက်သစ် (၂)လမ်း၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၈၅၁၉၅၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ခေတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကမာကဆစ်)၊ မြေကွက်အမှတ် (၇၉၀/ခ)၊ **ဦးလှမြင့် (ခ) ရာမူး** (P/RGN-000990) အမည်ပေါက် အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် နေအိမ်အား **ဦးအီစွတ်** [၁၂/ဒလန (နိုင်) ၀၃၀၄၂၀] က ဝယ်ယူပိုင်ဆိုင်၍ ယခုကဲ့သို့ ရောင်းချနိုင်ခြင်းဖြစ်ပါသည်။ ယင်းမြေကွက်နှင့်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၃-၇-၂၀၂၃) ရက်နေ့က စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက မည်သူမဆို အထက်ပစ္စည်းစာရင်းပါ မြေကွက်နှင့်နေအိမ်၏ စာရွက်စာတမ်း (မူရင်း) အထောက်အထားများအား ယူဆောင်လာ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ရှေ့ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန်းသန်းဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၅၁၅)**
**အမှတ် (၈၃/၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၂၆၁၉၊ ၀၉-၇၉၆၁၀၀၉၉၀**

## <u>ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်</u>

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၇၈၈)၊ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ်(၇၈၉)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၂၀ပေ × ၆၀ပေ)၊ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်သန်းညွန့်(CF-၀၅၄၆၂၆)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဇော်ထက်အောင်(၁၂/သစန(နိုင်)၁၁၅၁၄၄)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်ခိုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊လှည်းတန်း(၇)လမ်းနှင့် ထန်းတပင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၁၊ မြေကွက်အမှတ်-၂၅၊ အမှတ်-၁ ဟုခေါ်တွင်သည့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊(၇)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း:(၁၂ပေ၆လက်မx၅၀ပေ)ရှိ၊ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်မော် (၁၂/ကမရ(နိုင်) ၀၄၁၈၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းထက်ဝေ(၁၃/ကတန(နိုင်)၁၂၈၃၁၅) က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှ(၇)ရက် အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိအိနွယ်(စဥ်-၁၇၇၂၉)
LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ်-၄၈/၅၀၊ပထမထပ်၊ ၃၆-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၂၅၀၅၂၀၃၁၂

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကျောင်းစု)၊ မြေကွက်အမှတ်(၁၃၆/က)၊ (အလျား ၂၀ပေ x အနံ၅၀ပေ)အကျယ်အဝန်းရှိ ဦးသန်းဝေ(BHO-၀၀၇၄၆၅) [၁၂/ဒလန(နိုင်)၀၁၉၈၃၁]အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အဆိုပါမြေကွက်အား အမည်ပေါက်(ဖခင်) ဦးသန်းဝေနှင့် မိခင်တို့သည် အသီးသီးကွယ်လွန်သွားကြသဖြင့် အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော (၁)ဦးကြည်ထွန်း[၁၂/ဒလန(နိုင်)၀၁၂၉၄၃]၊ (၂) ဒေါ်တင်တင်စီ[၁၂/ဒလန(နိုင်) ၀၁၂၉၃၇]၊ (၃) ဦးမြသန်း[၁၂/ဒလန(နိုင်)၀၂၉၁၀၅]၊ (၄) ဦးဝင်းထိုက်[၁၂/ဒလန (နိုင်)၀၃၅၈၁၁]၊ (၅) ဒေါ်သောင်းသောင်းရီ[၁၂/ဒလန(နိုင်)၀၃၆၁၉၂]၊ (၆) ဦးကြည် လှိုင်[၁၂/ဒလန(နိုင်)၀၃၆၁၉၁] ညီအစ်ကိုမောင်နှမ(၆)ဦးမှလွဲ၍ မွေးစားသားသမီး မရှိပါကြောင်း၊ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းမရှိတာဝန်ယူကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းထက်ထက်ဇော်**
**LL.B, D.B.L, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၇၁၇)**
**အမှတ်-၄၅၀၊ ပါရမီလမ်းသွယ်(၃)၊ ထောက်ကြန့်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၃၁၇၀**

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## ဦးကျော်ဝင်း[၁၃/လရန(နိုင်)၀၁၃၇၈၂]နှင့် အများသိစေရန်ကြေညာခြင်း

SMTET ECO-TECHNOLOGIES CO.,LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကျော်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်-

SMTET ECO-TECHNOLOGIES CO.,LTD ကို ၂၉-၅-၂၀၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ ယနေ့တိုင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာစက်မှုဇုန်၊ မင်္ဂလာဒုံတိုးချဲ့စက်မှုဇုန် (၁)၊ အမှတ်-၃/၃၄၄ တွင် ကုမ္ပဏီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ [ဦးကျော်ဝင်း-၁၃/လရန(နိုင်)၀၁၃၇၈၂]သည် ဖော်ပြပါ ကုမ္ပဏီကို စတင်ဖွဲ့စည်းချိန်မှ ၂၉-၉-၂၀၂၂ ရက်နေ့ထိ ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရပါသည်။

SMTET ECO-TECHNOLOGIES CO.,LTD သည် လုပ်ငန်းအတွက်အသုံးပြုရန် လိုအပ်သည့်အတွက် အောက်ဖော်ပြပါ မြေကွက်များကို ကုမ္ပဏီပိုင်ငွေကြေးများပေးချေ၍ ဝယ်ယူခဲ့ကြောင်းလည်း ညွှန်ကြားချက်အရ သိရှိရပါသည် -

**(၁) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ လူနေရပ်ကွက်အမှတ်-၃၇၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အကျယ်အဝန်း(၄၅ပေx၆၀ပေ) ရှိ မြေကွက်အမှတ်-၇၂၀ နှင့် မြေကွက်အမှတ်-၇၂၁ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၅ပေx၆၀ပေ)စီရှိ နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်**

**(၂) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၇၊ စုပေါင်းရုံးလမ်းရှိ မြေကွက်အမှတ်-၁၃၂၉၊ မြေကွက်အမှတ်-၁၃၃၀၊ မြေကွက်အမှတ်-၁၃၃၁ ဟုခေါ်တွင်သည့် ပါမစ်မြေကွက်(၁)ကွက်နှင့် နှစ်(၆၀) ဂရန်မြေကွက်(၂)ကွက်**

အထက်ဖော်ပြပါ စုစုပေါင်း မြေကွက် (၅)ကွက်လုံးကို ကုမ္ပဏီပိုင်ငွေများဖြင့် ဝယ်ယူပြီး၊ ထိုအချိန်က ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးကျော်ဝင်းအား ဝယ်ယူသူနေရာ၌ အမည်ခံအဖြစ်ထားကာ ဝယ်ယူခဲ့ကြောင်းလည်း သိရှိရပါသည်။

SMTET ECO-TECHNOLOGIES CO.,LTD သည် လုပ်ငန်းလည်ပတ်ရန်ငွေကြေးလိုအပ်လာ၍ (၁၁-၁-၂၀၁၇)ရက်နေ့တွင် အထက်ဖော်ပြပါ မြေကွက်(၅)ကွက်ကို CB Bank တွင် အပေါင်အဖြစ်ထားရှိကာ ချေးငွေရယူခဲ့ပါသည်။ ထိုသို့ချေးငွေရယူစဉ်က ဦးကျော်ဝင်းတစ်ဦးတည်းအနေဖြင့် ရယူခဲ့သော်လည်း မြေကွက်များအားလုံးသည် ကုမ္ပဏီပိုင်မြေကွက်များဖြစ်သည့်အတွက် CB Bank မှ SMTET ECO- TECHNOLOGIES CO.,LTD အမည်ဖြင့်ပင် ငွေစာရင်းဖွင့်လှစ်ပေးခဲ့ပါသည်။ ချေးယူငွေများကို ကုမ္ပဏီလုပ်ငန်းများတွင် အသုံးပြုကာ ထိုချေးငွေများအတွက်ကျသင့်သည့် အတိုးငွေများကိုလည်း ကုမ္ပဏီပိုင်ငွေဖြင့်ပင် ပေးသွင်းခဲ့ပါသည်။

ဦးကျော်ဝင်းသည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လခန့်တွင် SMTET ECO-TECHNOLOGIES CO.,LTD ၏ ဒါရိုက်တာအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒမရှိတော့ကြောင်းနှင့် နုတ်ထွက်ခွင့်ပြုရန်တင်ပြလာသည့်အတွက် ကုမ္ပဏီမှ ၃၀-၉-၂၀၂၂ ရက်နေ့တွင် ဦးကျော်ဝင်းအား နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ဦးကျော်ဝင်းသည် SMTET ECO-TECHNOLOGIES CO.,LTD မှ နုတ်ထွက်သည့် ၃၀-၉- ၂၀၂၂ ရက်နေ့တွင်ပင် CB Bank သို့ ကုမ္ပဏီမှ ကြွေးကျန်များရှင်းလင်းပြီး၍၊ CB Bank မှ အထက်ဖော်ပြပါမြေကွက်များ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ပြန်လည်ပေးအပ်သည့်အချိန်တွင် ဦးကျော်ဝင်း မှ ဖော်ပြပါပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလုံးကို SMTET ECO-TECHNOLOGIES CO.,LTD သို့ မပျက်မကွက်ပေးအပ်ပါမည်။ ထို့အပြင် အမည်ခံဖြစ်သူ ဦးကျော်ဝင်းက CB Bank သို့ ပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်း၍ ကုမ္ပဏီ (သို့မဟုတ်) ကုမ္ပဏီမှ ညွှန်ပြသည့်သူ တစ်ဦးဦးအား အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ(သို့မဟုတ်) အထူးကိုယ်စားလှယ်လွှဲအပ်စာကို ပေးအပ်မည်ဖြစ်ကြောင်းတို့ကို ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားကြောင်း ညွှန်ကြားချက်အရနှင့် ထိုသဘောတူညီချက်ကို ဖတ်ရှုသိရှိရပါသည်။

ထိုသဘောတူဝန်ခံကတိပြုချက်အရလည်းကောင်း၊ ကုမ္ပဏီပိုင်မြေကွက်များဖြစ်၍လည်းကောင်း ဦးကျော်ဝင်းသည် SMTET ECO-TECHNOLOGIES CO.,LTD က အထက်ဖော်ပြပါမြေကွက်များကို အပေါင်ရွေးနုတ်ချိန်တွင် မြေကွက်(၅)ကွက်လုံး၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ကုမ္ပဏီသို့ မပျက်မကွက်ပေးအပ်ရမည်ဖြစ်ပါသည်။ SMTET ECO-TECHNOLOGIES CO.,LTD က ဖော်ပြပါမြေကွက်များပေါင်နှံထားခြင်းကို ယနေ့တိုင်ရွေးနုတ်ရခြင်း မရှိသေးသည့်အတွက် ကုမ္ပဏီပိုင် အထက်ဖော်ပြပါ မြေကွက်များကို ကုမ္ပဏီကသာ ရွေးနုတ်ရမည် ဖြစ်ပါသည်။ ထို့အပြင် ဖော်ပြပါ မြေကွက်များနှင့် မြေကွက်အတွင်းရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို SMTET ECO-TECHNOLOGIES CO.,LTD ၏သဘောတူခွင့်ပြုချက်မရရှိဘဲ ဦးကျော်ဝင်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် အခြားသူတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းနှင့် ပေးကမ်းခြင်းတို့ဆောင်ရွက်ရန် အခွင့်အာဏာမရှိပါကြောင်း ဦးကျော်ဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**SMTET ECO-TECHNOLOGIES CO.,LTD ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာနု (LL.B), (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၈၀၄)**
**အမှတ်-၃၁(A-3)၊ ဦးရွှေဝွန်းလမ်းတို၊ ရေကျော်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၂၈၈၂၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ရရှိပြီးသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်း ပြည်ပ အဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာ ကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် ဒို့တာဝန်အရေး ၃ ပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၄.၁.၂၀၂၃

**ယနေ့ ဖတ်စရာ**

**မိုးသည်းထန်စွာ ရွာသွန်းပြီး ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

စာမျက်နှာ » ၁၁

**ဥရောပဒေသ၌ အပူချိန်မြင့်တက်နေသည့်အရေး ကိုင်တွယ်ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူ တောင်းဆို**

စာမျက်နှာ » ၁၃

## အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းမိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွား



ရထားလမ်းထိခိုက်ပျက်စီးမှုအား အချိန်မီ ပြုပြင်ဆောင်ရွက်မှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူများ ကုန်ကျစရိတ်သက်သာစွာဖြင့် ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ရည်ရွယ်၍ အမြန်လူစီးရထား ၁၈ စင်း၊ စာပို့ရထား ၁၄ စင်း၊ လူစီးကုန်တင်ရထား ရှစ်စင်း၊ RBE လူစီးနှစ်စင်းနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၃၅ စင်း၊ စုစုပေါင်း လူစီးရထား ၇၇ စင်းနှင့် ကုန်ရထားခြောက်စင်းကို နေ့စဉ်စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

**နေ့စဉ်ပြေးဆွဲပေးလျက်ရှိ**

ထိုသို့ခရီးသည်ရထားများ၊ ကုန်ရထားခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ အမြန်ရထားလေးစင်း၊ စာပို့ရထားနှစ်စင်း၊ လူစီးကုန်တင်ရထားနှစ်စင်းနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✳



အား/ကာသိပွဲအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပြန်လည်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပထမနေ့ကို ဇူလိုင် ၁၉ ရက်က ပြန်လည်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာသိပွဲအသင်းက Young Lionesses အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကြောင့် ပွဲစဉ်(၂)အပြီးတွင် ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ အား/ကာသိပွဲအသင်းသည် မြန်မာယူ-၁၆ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Young Lionesses အသင်းကို ဂိုးပြတ်အနိုင်ယူကာ သုံးပွဲဆက်အနိုင်ရခဲ့သည်။ Young Lionesses အသင်းမှာမူ သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

### လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ